# အကြညဝေါက်

## အိုင်အိုဒင်းကိုကိုကြီးနှင့်
## ဗွန်တာန်ဘုရင်၏ရတနာသိုက်



"ခလွမ်း"ခနဲ မှန်ကွဲကြေသံ။ ထိုမှန်ကွဲသံနှင့် အတူ လူတစ်ယောက် အခန်းထဲသို့ ပျာယီးပျာယာ ဝုန်းခနဲ ခုန်ဝင်လာသည် ။

"အား"

ထိုသူကိုမြင်သည် နှင့် အိမ်ရှင်လင်မယား သံကုန်ခြစ်အော်ကြ၏။ ဟု တ်သည် ။ ထိုသူကား အင်္ဂလိပ်မင်းများ ဆုငွေထုတ်ထားသော ဝရမ်းပြေးအောင်ရင်။ တုတ်ခိုင်သော ခန္ဓာကိုယ်အဆစ် အပေါက်နှင့် ကြောက်မက်ဖွယ်ကောင်းသော ရုပ်ရည်ကိုပိုင်ဆိုင်သော ရာဇဝင်လူဆိုးကြီး၊ အခုတော့ ဇောချွေးတွေသီးနေပြီး တစ်ခုခုကိုကြော က်လန့်နေပုံ။

"ချမ်းသာပေးပါရှင် ... ပစ္စည်းတွေကို လိုသလောက်ယူပါ..."

အိမ်ရှင်လင်မယား၏ တောင်းပန်သံ။ အောင်ရင်က ထိုအသံကို ဂရုမ ထားဘဲ ပျာယီးပျာယာနှင့် အိမ်ခန်းထဲပြေးဝင်သွားသည် ။ နောက်အိမ် ၏ ပြတင်းပေါက်မှ နေ၍ အောက်သို့ငုံ့ကိုင်း ကြည့်လိုက်သည် ။

"ဟာ"

အောင်ရင်၏ ပါးစပ်ကြီး ဟသွား၏။ မျက်နှာမှာ လည်း ချက်ချင်း သွေးဆုတ်ဖြူရော်သွားသည် ။

"သူ လာပြီ ...သူ လာပြီ"

ဟု ကြောက်လန့်တကြားအော်ပြီး သွေးဆုတ်ဖြူရော်သော မျက်နှာန ှင့် အိမ်နောက်ဖေး တံခါးမှ နေ၍ အားကုန်ပြေးထွက်သွားသည် ။ လူဆိုး

ဗိုကြီး အောင်ရင်၏ ထူးဆန်းသောအပြုအမူကြောင့် အိမ်ရှင်လင်မယား လည်း ပါးစပ်အဟောင်းသားဖြစ်သွားရ၏။ နောက်မသက်ာ၍ အပြင်ထွက်ကြည့်ရာ...။

"အလို..."

ဘာမှ ထူးထူးခြားခြားမတွေ့ရ။ အားလုံးတိတ်ဆိတ်မြဲ တိတ်ဆိတ် ဆဲပင်...။ သို့သော် လမ်းမပေါ်တွင် တော့ ယောင်တောင်တောင်နှင့် တောင်ဘက်သွားမလို မြောက်ဘက်သွားမလိုနှင့် တုန်တုန်ချည့်ချည့် အဘိုးအိုတစ်ယောက်က ဖင်တရှုံ့ရှုံ့နှင့် တရွတ်ဆွဲမတတ် ...။

အောင်ရင် အိမ်ခေါင်မိုးပေါ်သို့ ကြောင်တစ်ကောင်လို ပေါ့ပါးစွာခုန် တက်လိုက်သည် ။ ပြီးနောက် ဘေးဘီဝေ့ကြည့်ပြီး၊ နောက်အိမ်ခေါင်မိုး တစ်ခုဆီသို့ ဖတ်ခနဲလှမ်းခုန်ကူးလိုက်သည် ။

ဟိုဘက်တိုက်အိမ်ခေါင်မိုးပေါ် ဖုန်းခနဲကျပြီး နှစ်ပတ်ခန့် ကျွမ်းလိမ့် သွား၏။ သို့သော်ကိစ္စ မရှိ။ သူငေါက်ခနဲ ပြန်ထနိုင်သည် ။ ပြီးနောက် ခေါင်မိုးစပ်နားတွားသွားပြီး အောက်သို့ ကမန်းကတန်း ကြည့်လိုက်သ ည် ။

"ဟာ"

ခေါင်မိုးအောက်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသော အ ဘိုးကြီး ...။

အဘိုးကြီးကို မြင်သည် နှင့် သူ့ခန္ဓာကိုယ်အနှံ့အပြားမှ ဇောချွေးများ ပြိုက်ခနဲ စိမ့်ကျလာသည် ။ အဘိုးကြီး ဟိုကြည့်ဒီကြည့်လုပ်နေပြီ။ သူ တိုက်ခေါင်မိုးပေါ် ကမန်းကတန်း နောက်ပြန်ဆုတ်လိုက်သည် ။

ဘယ်လိုလုပ်ရမလဲ...။

သူ့ကိုယ်သူ တိုးတိုးပြန်မေးသည် ။ သူဘယ်ကိုပြေးပြေး ထိုအဘိုးကြီးရှိနေပြီ။ သူ့လက်က ပြေးလို့ လွတ်ပါတော့မလား။

သူ့စိတ်ထဲ သံသယစိတ်များ ကြီးစိုးလာသည် ။ နောက်သူ့ကိုယ်သူ အားတင်းပြီး ...

"အို... ဘာပဲဖြစ်ဖြစ် ဒီအဘိုးကြီးကို အပျောက်ရှင်းလိုက်တာအေးတယ် ..."

ဟု ဆုံးဖြတ်ချက်ချလိုက်ဟန် ရှိသည် ။ ခါးကြားထဲမှ ပြောင်လက်နေသော ပေါက်ဓားကို ဆွဲထုတ်လိုက်သည် ။ ပြီးနောက် ခေါင်းမိုးစွန်းကို ဖြည်းညင်းစွာ တွားသွားလိုက်သည် ။

တွေ့ပြီ ...။

ငိုက်စိုက်ငိုက်စိုက်နှင့် လမ်းလျှောက်နေသော အဘိုးကြီး၊ မြင်ကွင်းက ရှင်းနေသည် ။ ဓားကို သတိကြီးစွာ ဆလိုက်သည် ။ ပြီးနောက် အဘိုးကြီး၏ နောက်ကျောကိုချိန်ကာ ဝှစ်ခနဲပစ်ချ လိုက်သည် ။

ဗိုးခနဲ လေကိုခွင်းသွားသောပေါက်ဓား။ လေးကိုင်းမှ လွှတ်ထုတ်လိုက်သော မြားသဖွယ် အဘိုးကြီး၏ ကျောတည့်တည့် ပျံဝဲသွားသည် ။

ထိပြီ...။

ပစ်မှတ်က လုံးဝမလွဲ၊ အဘိုးကြီး၏ ကျောနောက်တည့်တည့်ကို။

ဒုတ်ခနဲ ကြားရသံသာ နားစွင့်နေလိုက်သည် ။

သို့သော် ...

ဝှစ် ...

"ဟာ..."

အဘိုးကြီး၏ ကျောပြင်နှင့် ဓား ထိလုထိခင် လက်လေးသစ်ခန့်အလိုကျမှ အဘိုးကြီးမှာ ခလုတ်တိုက်မိပြီး ဟပ်ထိုးဟပ်ထိုးနှင့် လဲကျမလိုဖြစ်သွားသဖြင့် ပေါက်ဓားမှာ အဘိုးကြီး၏ ကျောပြင်နှင့် နီးနှစ်ပြားစာခန့် လွဲသွားပြီး မြေပြင်သို့သာ အရှိန်ပြင်းစွာနှင့် ဒေါက်ခနဲ သွားစိုက်လေသည် ။

"ဟာ…လွဲပဟ…"

သူ့နှုတ်မှ လွှတ်ခနဲ အာမေဋိတ်သံ။

ပြီးမှ သတိကြီးစွာ ကိုယ့်ပါးစပ်ကိုယ်ပိတ်ထားမိသည် ။ အဘိုးကြီးက သူ့ပေါက်ဓားကိုယ် ဂရုမစိုက်ဘဲ လည်တယ်လည်တယ်နှင့် ခုနက ခဲလုံးကိုပြန်ကောက်ကြည့်သည် ။ နောက် ခဲလုံးဘေးမှ ထွာဆိုင်ခန့် တုတ်တစ်ချောင်းကို ဆတ်ခနဲလှမ်းကောက်သည် ။

"ဟာ…"

သူသိသွားပြီ။ ယခုတော့ ပစ်မှတ်က သူပြန်ဖြစ်နေပြီ။ လျင်လိုက်သည့် အဘိုးကြီး။ အဘိုးကြီးကတော့ သူ့ကိုမကြည့်။ တုတ်ကိုသာ အသာစိုက်ကြည့်နေသည် ။ သူခေါင်းနားပန်း ကြီးသွားသည် ။ သိပြီ။ အဘိုးကြီး ရှောင်လိုက်သည့် နည်းကိုသိပြီ။ ထိုနည်းမှာ ဟန်ချက်ပျက်သွားသည် ဟု ထင်ရသော်လည်း လုံးဝဟန်ချက်ပျက်ခြင်းမရှိဘဲ တစ်ကိုယ်လုံးအားကို ခြေမတွင် စုစည်း၍ ကိုယ်ဖော့ရှောင်ရင်း လက်နက်ပုန်းနှင့် ပြန်ပစ်ရန် ကောက်လိုက်ခြင်းဖြစ်သည် ။

သူ့ခန္ဓာကိုယ်မှာ ကြောက်စိတ်ဖြင့် ဇောချွေးတို့ စိမ့်ခနဲ ပြိုက်ကျလာပြန်သည် ။

"မဖြစ်ဘူး…ဒီအဘိုးကြီးကို ဒီနည်းနဲ့ လုပ်ကြံလို့ တော့မဖြစ်ဘူး …

သူနဲ့ လွတ်ရာပြေးတာ အကောင်းဆုံးပဲ..."

ဟု စဉ်းစားမိပြီး ဖတ်ခနဲ နောက်ကျွမ်းထိုးကာ လျင်မြန်သောအဟုန်ဖြင့် အိမ်ခေါင်မိုးပေါ်မှ ပြေးပြီး နောက်ဖေးလမ်းကြားသို့ ဝုန်းခနဲခုန်ချလိုက်သည် ။ သူအောက်ရောက်သည် နှင့် နောက်ဖေးလမ်းကြားအတွင်း ဖျတ်ခနဲ မြင်လိုက်ရသည့် လိမ်ကျစ်လိမ်ကျစ်နှင့် အဘိုးကြီးအရိပ်...။

"ဟာ..."

သူ ကြောက်လန့်တကြားရေရွတ်မိပြီး အိမ်တစ်အိမ်၏ ပြတင်းတံခါးထဲ ဝုန်းဆိုခုန်ဝင် လိုက်သည် ။

"အား...ဘာကြီးလဲ..ဘာကြီးလဲ..."

"အား...ကယ်ကြပါဦး...လူတော့..လူလူ.."

အိမ်တွင်းမှ အော်သံများ ဆူညံသွားသည် ။ ကြည့်လိုက်တော့ ယောက်မနှင့် အိုးများ ကိုင်ထားသည့် အဘွားအိုနှစ်ဦး။

ထမင်းကို စိတ်ပါလက်ပါ ချက်နေတုန်း လူစိမ်းတစ်ယောက် ရုတ်တရက်မြင်လိုက်တော့ အံ့အားသင့်သွားကြပုံရ၏။

သူလည်း အဘွားကြီးများကို Sorry ပင်မပြောနိုင်။ ဟိုအဘိုးကြီးက သူနှင့် ကပ်လျက် ပါနေပြီကိုး...။

သူကြောက်လန့်စိတ်နှင့် အိပ်ခန်းတစ်ခုထဲသို့ ပြေးဝင်လိုက်ပြီး ထိုအိပ်ခန်းပြတင်းမှ ကျွမ်းထိုးထွက်ကာ နောက်အိမ်တစ်ခုထဲသို့ လျင်မြန်စွာ ကျွမ်းထိုးဝင်လိုက်သည် ။ လှစ်ခနဲ အခန့်သင့်ပင် တစ်ဖက်အိမ်ထဲသို့ ရောက်သွားသည် ။

လွတ်ပြီ ...။

ထိုအိမ်ထဲတွင် တော့ ဘယ်သူမှ ရှိမနေ။ သူရောက်နေတာက ထိုအိမ်၏ မီဖိုခန်း...။

စိတ်မချရသေး...။

မီးဖိုခန်းလောက်မှာ ပုန်း၍ မလွတ်နိုင်။ သိမ်းစွန်ငှက်ထက် မျက်စိလျင် နားပါးသော အဘိုးကြီး တွေ့သွားနိုင်သေးသည် ။ ထို့ကြောင့် ဘေးဘီဝေ့ကြည့်ပြီး အလုံခြုံဆုံးနေရာဖြစ်သော၊ အိမ်သာထဲသို့ တံခါးဖွင့်ရင်း ဝုန်းခနဲပြေးဝင်လိုက်ရာ...။

"ဟာ ..."

မြင်လိုက်ရသော မြင်ကွင်းက သူ့ကိုလုံးဝကြက်သေ သေသွားစေ၏။ သူ စပါးကြီးမြွေ အညှို့ခံရသလို ကြောက်လန့်တကြား ငြိမ်သက်နေမိသည် ။

ဟုတ်ပါသည် ။ အိမ်သာထဲတွင် တုတ်ခနောင်းလေးကိုင်၊ လုံချည်လေးမပြီး ခပ်တည်တည်နှင့် စိတ်ချလက်ချ အီးထိုင်ပါနေသော အဘိုးကြီး။

မျက်လုံးက မရရတာညစ်ထုတ်မည်ဟူသော မျက်လုံးမျိုး၊ အထုပ်ကြီး ပြုတ်ကျသွားသလို ပေါ့ပါးစိတ်နှင့် ပြောင်လက်နေ၏။ ဘာမှ မပြောဘဲ တည်ငြိမ်သော ဣန္ဒြေနှင့် နားထင်ကြောများ ထောင်ထလျက် သူ့ကိုကြောက်မက်ဖွယ်စိုက်ကြည့်နေ၏။

အခြေအနေကို သဘောပေါက်စွာ လျင်မြန်သောအဟု န်ဖြင့် အဘိုးကြီးရှေ့သူဝပ်ချလိုက်သည် ။ အိမ်သာသော ဘာသော အယူမသီးနိုင်တော့။ တောင်းပန်မှ သက်သာတော့မည်ကိုး...။ နောက်သူ့နှုတ်မှ လည်း ...။

"ကျွန်တော်…အဖမ်းခံပါပြီ အိုင်အိုဒင်းကိုကိုကြီးရယ်…"

******

**နောက်တစ်နေ့** ခရော်နီကယ် သတင်းစာ၌ ရန်ကုန်မြို့တွင် နှစ်အတန်ကြာ ပျောက်ဆုံးနေသော လူဆိုးဓားပြ အောင်ရင်အား မြန်မာပြည်၏ အကျော်ကြားဆုံး ကမ္ဘာသိ အလွတ်စုံထောက် အိုင်အိုဒင်းကိုကိုကြီးမှ အင်အင်းပါရင်း ထိုင်ရာမထ အီးတုတ်ခနောင်းတစ်ချောင်းနှင့် လက်ရဖမ်းဆီးလိုက်ကြောင်း မျက်နှာဖုံး၌ ကျွန်ုပ်၏ ဆောင့်ကြောင့် ထိုင် နေပုံနှင့် အတူ ကွက်ကွက်ကွင်းကွင်း အကျယ်တဝင့် ပါလေတော့သတည်း ...။

အဖြစ်မှန်က ဤသို့တည်း ...။

သူမည်မျှထွက်ပြေးနေရကြောင်း ကျွန်ုပ်သိပင်မသိလိုက်။ သူ ကျွန်ုပ်အားဓားနှင့် ပေါက်သည် ဆိုသည် ကိုလည်း ရိုးတိုးရိပ်တိတ်မျှပင် မရိပ်မိခဲ့...။ မနက်ကမှ တပည့်ကျော်မောင်နှင်းနှင့် အိမ်၌ လက်တိုလက်တောင်းခိုင်းရန်ခေါ်ထားသော ဘုန်းကြီးကျောင်းသားလေး မောင်သုတတို့ ချက်သော ပဲကြီးဟင်းနှင့် အနှီတို့ ပင် ထောင်းကျွေးခဲ့သော မရန်းသီးထောင်းကိုစားပြီး စီအိုင်ဒီရုံးအသွား လမ်းခုလတ်တွင် ဝမ်းပျက်လာသဖြင့် မည်သည့် နေရာတွင် မြိန်မြိန်ကြီးအီးဘုဘုရမည်ကို မသိနိုင်ဘဲ ဇောချွေးတသီးသီး ရင်တဖိုဖိုနှင့် အိမ်သာလျှောက်ရှာနေရခြင်း ဖြစ်၏။ ဇောချွေးတပြန်ပြန် တင်တကျစ်ကျစ်နှင့် ၊ ထိုသို့ရှာနေစဉ် ထွာဆိုင်ခန့် တုတ်ခနောင်း တစ်ချောင်းကိုတွေ့သဖြင့် ကုန်းကောက်လိုက်စဉ် ၎င်း၏ ပေါက်ဓားနှင့် လွဲသွားခဲ့ခြင်း ဖြစ်၏။

ဖြစ်ချင်တော့ ထိုရပ်ကွက်အတွင်း၌ လည်း ကျွန်ုပ်နှင့် သိသူ တစ်

ယောက်မျှမရှိ။ အင်အင်းကိစ္စ မည်သို့ ဖြေရှင်းရမည်မသိနိုင်။ လမ်းမအလယ် ဆောင့်ကြောင့် ထိုင်ရမှာ ကိုလည်း ကျွန်ုပ်၏ မျက်နှာ ခွက်ကြီးနှင့် လွန်စွာရှက်ဖွယ်လိလိဖြစ်နေမိ၏။ ကြံရာမရသည့် အဆုံး နောက်ဖေးလမ်းကြားထဲဝင်။ လူတစ်ယောက်မှ မတွေ့သော အိမ်တွင် အခွင့်ကောင်းယူပြီး နောက်ဖေးပေါက်မှ အသာလျှိုဝင်၍ စိတ်ချလက်ချ အင်အင်းဝင်ဘုနေခြင်းသာ ဖြစ်ချေတော့၏။

သို့သော် လူမစွမ်းသော်လည်း နတ်မ စကားပုံအတိုင်း ဓားပြအောင်ရင်မှ လန့်ပြီးဝင်အပုန်း၊ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ဝင်တိုးမိခြင်းဖြစ်သည် ။

သူဝင်လာစဉ်က…

"ဟ…အိမ်ရှင်တော့ ငါ့ကိုမိပြီဟ…"

ဟု ထင်ပြီး ကြောင်ငေးနေမိသေး၏။ နောက်ဖြေရှင်းရန် စကားလုံး ရှာနေစဉ် အနီဓားပြမှာ ကျွတ်ကျက်ပြီး လက်နက်ချအဖမ်းခံကြောင်းဆို၍ ကိုယ်တိုင်ကိုယ်ကျ အဖမ်းခံသွားခြင်းပင်ဖြစ်လေတော့၏။

(မှတ်ချက်။ ။ နောင်တစ်ချိန်၌ အောင်ရင်နှင့် နာမည်ခပ်ဆင်ဆင်တူသော အောင်ရင်၏ တပည့် ဓားပြတစ်ဦး မြန်မာပြည်၌ ဟိုးလေးတကျော်ကျော် ပေါ်ခဲ့ဖူးပါသည် ။ ဓာတ်ရှင်မှတ်တမ်းပင် ရှိသောဟူ၏။)

ထိုအကြိမ်၌ ကျွန်ုပ်ကံကောင်းခဲ့သော်ငြား၊ ထိုအောင်ရင်ကို ဖမ်းဆီးလိုက်သည့် အတွက် ကျွန်ုပ်လုံးဝမပတ်သက်ချင်သော ၎င်းတို့ ၏ ဆရာ လူစွမ်းကောင်း လူဆိုးတကာ့ ထိပ်ခေါင်သောကြာ ကောင်ကောင် ဟူသော သူနှင့် မပတ်သက်ချင်ဘဲ ပတ်သက်ခဲ့ရလေသည် ။

ကျွန်ုပ်၏ တစ်သက်တွင် လည်း ထိုအမှုကိုလိုက်ရသည် မှာ အပင်ပန်းဆုံးနှင့် ဉာဏ်ကစားရဆုံး ဟူ၍ မှတ်တမ်းတင်အပ်ပါသည် ။

ထိုအမှုမှာ ...။

******

ထိုအဖြစ်အပျက်ဖြစ်ပြီးနောက် နှစ်ရက်အကြာ ဂါတ်တဲမှ ပြာတာမောင်ပွေး ရေးကြီးသုတ်ပျာ ရောက်လာကာ ကျွန်ုပ်၏ အိမ်တံခါးရွက် ဖားခုံညင်းသဖွယ်ကပ်၍ ...။

"ဒုက္ခတော့ များ ပြီး အဘရေ ဒုက္ခက များ ပြီးရင်း များ ပဲဗျို့.."

သူ့စကားကြောင့် ကျွန်ုပ်လည်း စိမ်ပြေနပြေ ဖတ်ရှုနေသော ဦးတရုတ်၏ ကာမသျှတ္တရ ရာဇဝင်ကျမ်းကြီးကို ခပ်ဖွဖွပိတ်ကာ...

"ဘာဒုက္ခ...များ ပြန်တာလဲ..."

မောင်ပွေးက တံခါးရွက်ဘေး သောက်ရေအိုးမှ ရေတစ်ခွက်ကို ဂလုခနဲ သောက်ချလိုက်ကာ...

"မြန်မာသူဌေး ဘုံဘေသန်းအောင် အသတ်ခံရတယ် သတင်းပို့လို့ စီအိုင်ဒီက စုံစမ်းဖို့ အသွား လမ်းမှာ တရုတ်သူဌေးကြီး ဦးဝပုပါ အသတ်ခံရပြန်ပြီတဲ့ ... တစ်ရက်တည်းတင် နှစ်လောင်း ထပ်နေပြီအဘရေ ..."

"ဟေ..."

"အဲဒါ မင်းကြီးက အဘကိုကိုကြီး ချက်ချင်းသွားပြီး စုံစမ်းပေးပါတဲ့
"

"ဟော..."

သူ့စကားကြောင့် ကျွန်ုပ်၏ မျက်ခုံးအစုံ မြင့်တက်သွားပြန်လေသည်
။

*****